ငါကိုယ်တော်၏ အွမ္မသ်ထဲ၌ နောက်ပိုင်းတွင်
လူတစ်ချို့ပေါ်ပေါက်လာလိမ့်မည်။ ၎င်းတို့သည်
အသင်တို့နှင့် အသင်တို့ဘိုးဘွားများပင်
မကြားဘူးသောအရာများကို
အသင်တို့အားပြောဆိုတင်ပြကြလိမ့်မည်။
အဗူဟူရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ ငါကိုယ်တော်၏
အွမ္မသ်ထဲ၌ နောက်ပိုင်းတွင် လူတစ်ချို့ပေါ်ပေါက်လာလိမ့်မည်။
၎င်းတို့သည်အသင်တို့နှင့် အသင်တို့ဘိုးဘွားများပင် မကြားဘူးသောအရာများကို
အသင်တို့အားပြောဆိုတင်ပြကြလိမ့်မည်။ သို့ဖြစ်၍ အသင်တို့သည်
၎င်းတို့နှင့်ဝေးဝေးနေကြကုန်။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [မွတ်စ်လင်မ်ကျမ်း။]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိမရှိသည့်နောက် မိမိအွမ္မသ်၌
နောက်ပိုင်းတွင် ဖြစ်ပေါ်လာမည့် ကိစ္စနှင့်စပ်လျဉ်း၍ အသိပေးမိန့်ကြားတော်မူခဲ့သည်။
၎င်းမှာ မုသားစကားပြောသူများပေါ်ပေါက်လာခြင်းဖြစ်ပြီး ၎င်းတို့သည် မိမိတို့အရင်က
မည်သူတစ်ဦးတစ်ယောက်မျှ မပြောဆိုခဲ့သော လုပ်ကြံဖန်တီးထားသည့် ဟဒီးဆ်များကို
ဆင့်ပြန်ကြလိမ့်မည်။ ထို့ကြောင့် ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က
ကျွန်တော်တို့အား ၎င်းတို့နှင့်ဝေးစွာရှောင်ကြဉ်ရန် အမိန့်ပေးခဲ့သည်။ ထို့အပြင်
ထိုသို့ လုပ်ကြံဖန်တီးထားသည့်စကားများကို စိတ်ထဲ၌စွဲသွားကာ ဖယ်ရှားရန်
မတတ်စွမ်းနိုင်ခြင်းမျိုး မဖြစ်စေရန်အတွက် ၎င်းတို့နှင့် အတူထိုင်ခြင်း၊ ၎င်းတို့၏
စကားများကို နားထောင်ခြင်းမပြုကြရန် အမိန့်ပေးတော်မူခဲ့သည်။ သို့ဖြစ်၍
ကျွန်တော်တို့သည် ဟဒီးဆ်တော်တစ်ပုဒ်အား မှန်ကန်ခိုင်လုံကြောင်း မစစ်ဆေးမီအလျင်
လက်ခံခြင်း၊ဖြန့်ချိခြင်း မပြုလုပ်ရပါ။
https://sunnah.global/hadeeth/my/show/65076